စက်တင်ဘာလ 4 ရက်၊ 2024

# Columbia အလယ်တန်းကျောင်း နှင့် Lakeside အထက်တန်းကျောင်းတို့သည် ဂုဏ်သိက္ခာမြင့်မားသည့် 'အကောင်းဆုံးသော စာသင်ကျောင်း' ခေါင်းစဉ်ဆုများအား နိုင်ငံလုံးဆိုင်ရာ PTA ထံမှ ရရှိခဲ့

Columbia အလယ်တန်းကျောင်း နှင့် Lakeside အထက်တန်းကျောင်းတို့သည် မိသားစုများနှင့် ၎င်းတို့၏ စာသင်ကျောင်းများအကြား ခိုင်မာသော လက်တွဲဆောင်ရွက်မှုများကို မွေးမြူပျိုးထောင်ပေးနိုင်ခြင်း၊ ကျောင်းသားများ အားလုံး၏ ပညာရေးဆိုင်ရာ အတွေ့အကြုံများ နှင့် အလုံးစုံသော ဖူလုံပြည့်စုံကောင်းမွန်ရေးအား တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခြင်း အစရှိသည်တို့အတွက်ကြောင့်ဟု 2023-2025 ၏ အကောင်းဆုံးသော စာသင်ကျောင်းအဖြစ် ဂုဏ်ပြု သတ်မှတ်ခံရမှုများကို ရရှိခဲ့ပေသည်။

ဩဂုတ်လ 5 ရက်နေ့တွင် [နိုင်ငံလုံးဆိုင်ရာ မိဘ-ဆရာ အစည်းအရုံး] သည် ဤဂုဏ်ပြုဆုကိုလက်ခံရရှိသည့် နိုင်ငံတစ်ဝှမ်း 319 ကျောင်းသော စာသင်ကျောင်းများ နှင့် PTA များ၊ ထို့ပြင် ဥရောပရှိ ကာကွယ်ရေးဌာန (Department of Defense) စာသင်ကျောင်းများ အစရှိသည်တို့အကြား DeKalb ကောင်တီကျောင်းခရိုင် (DCSD) ရှိ ဤစာသင်ကျောင်း နှစ်ကျောင်းသည်လည်း အပါအဝင်ဖြစ်ကြောင်း ထုတ်ပြန်ကြေငြာခဲ့ပေသည်။ နိုင်ငံလုံးဆိုင်ရာ PTA ၏ အကောင်းဆုံးသော စာသင်ကျောင်း အစီအစဉ်အတွင်း ပါဝင်ခဲ့သော စာသင်ကျောင်းများ နှင့် PTA များသည် မိသားစု-စာသင်ကျောင်းအကြား လက်တွဲပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ရန်ဟု တစ်နှစ်တာပတ်လုံး ကတိကဝတ်ပြု နှစ်မြှုပ်အားထုတ် ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ Columbia အလယ်တန်းကျောင်းရှိ မိဘနှင့် မိသားစုဆိုင်ရာ ညှိနှိုင်းဆက်သွယ်ဆောင်ရွက်ပေးသူ Dr. LaTroya Bishop မှ ဤသို့ အကောင်းဆုံးသော စာသင်ကျောင်းအဖြစ် သတ်မှတ်ခံရမှုသည် ကျောင်းအတွက် သိသာထင်ရှားသော အောင်မြင်ရရှိမှုတစ်ခုဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

"ကျွန်ုပ်တို့ရဲ့ မိဘတွေ၊ ကျောင်းသားတွေနဲ့ ရပ်ရွာအဖွဲ့အစည်းအတွက် ကျွန်ုပ်တို့ အရမ်းကို ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါတယ်၊" ဟု Dr. Bishop မှ ဆိုသည်။ "နိုင်ငံတစ်ဝှမ်း စာသင်ကျောင်းပေါင်း 4,000 ကျော်ဟာ ဒီဆုကို ချီးမြှင့်ခံခဲ့ရပြီး၊ ဒီထဲမှာမှ ကျောင်း 16 ကျောင်းသာလျှင် Georgia ထဲက ဖြစ်ပါတယ်။ ဒီ 16 ကျောင်းထဲမှာမှ ကျောင်း နှစ်ကျောင်းသာလျှင် DeKalb ကောင်တီထဲက ဖြစ်တာကြောင့် ဒီအခြင်းအရာဟာ ကျွန်ုပ်တို့ကို ပိုပြီး ထူးခြားမှု ဖြစ်စေတဲ့အပြင် အကောင်းဆုံးသော စာသင်ကျောင်း တစ်ကျောင်းအဖြစ် သတ်မှတ်ခံရတာကြောင့် ကျွန်ုပ်တို့ အလွန် ဂုဏ်ယူမိပါတယ်။"

Columbia Middle အလယ်တန်းကျောင်း၏ PTA အဖွဲ့ဝင်တစ်ဦးဖြစ်သူ Marsha Herring မှ သူမအနေနှင့် Columbia သည် ဤဂုဏ်ပြုဆုဖြင့် ထိုက်တန်သည်ဟု ယုံကြည်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။

"ကျွန်မတို့ အလယ်တန်းကျောင်းရဲ့ PTA ဟာဆိုရင် ကျွန်မတို့ရဲ့ ပညာသင်ကျောင်းသားတွေအတွက် DeKalb ကောင်တီ ရပ်ရွာအဖွဲ့အစည်း ညှိနှိုင်းပါဝင်ဆောင်ရွက်မှုရှိစေဖို့ ထိန်းသိမ်းဆောင်ရွက်ရမှာ အလွန်ကောင်းမွန်စွာ လုပ်ဆောင်နိုင်ခဲ့ပါတယ်၊" ဟု Ms. Herrings မှ ပြောကြားခဲ့သည်။ "စာသင်ကျောင်းနဲ့ ရပ်ရွာအဖွဲ့အစည်းအတွင်း ခြားနားချက်တစ်ခုကို ပြုလုပ်နိုင်စေဖို့ ကျွန်မတို့ PTA ရဲ့ နှစ်မြှုပ်အားထုတ်မှုနဲ့ ကတိကဝတ်ပြုလုပ်ဆောင်မှုတွေကို ကျွန်မကိုယ်တိုင် ဦးဆုံး မျက်မြင်တွေ့ ရှိခဲ့ရပါတယ်။ ဒီဆုကြီးကို လက်ခံရရှိတာဟာဆိုရင် ကျွန်မတို့ PTA အတွက် အလွန်ကြီးမားတဲ့ အောင်မြင်မှုတစ်ခုပဲ ဖြစ်ပါတယ်။"

တစ်နှစ်တာပတ်လုံး PTA များ နှင့် စာသင်ကျောင်းများတို့သည် မိမိတို့ စာသင်ကျောင်း ရပ်ရွာအဖွဲ့အစည်း အသိုင်းအဝိုင်းများထံမှ တုံ့ပြန်မှတ်ချက်များကို စုဆောင်းပြီး၊ မိသားစု-စာသင်ကျောင်း လက်တွဲဆောင်ရွက်မှုများအတွက် PTA ၏ နိုင်ငံလုံးဆိုင်ရာ စံချိန်စံညွှန်း သတ်မှတ်ချက်များပေါ်တွင် အခြေခံကာ မိသားစု ညှိနှိုင်းပါဝင်ဆောင်ရွက်မှုအား တိုးမြှင့်လာစေမည့် အစီအစဉ်များကို ရေးဆွဲ၊ အကောင်အထည်ဖော် ဆောင်ရွက်ကြသည်။

"PTA မှာဆိုရင် မိသားစု-စာသင်ကျောင်းအကြား လက်တွဲလုပ်ဆောင်မှုများဟာ အရမ်းကို အရေးကြီးကြောင်း၊ ဒါ့အပြင် ကျွန်ုပ်တို့ ကျောင်းသားတွေရဲ့ အောင်မြင်မှုနဲ့ ကျွန်ုပ်တို့ စာသင်ကျောင်းတွေ တိုးတက်ဖွံ့ ဖြိုးမှုအတွက် ကျွန်ုပ်တို့ အားလုံး အတူတကွ လက်တွဲလုပ်ဆောင်ကြဖို့ အမှန်တကယ်လိုအပ်ကြောင်း ကျွန်ုပ်တို့ ခိုင်မာစွာ ယုံကြည်ထားကြပါတယ်၊" ဟု နိုင်ငံလုံးဆိုင်ရာ PTA ၏ ဥက္ကဋ္ဌဖြစ်သူ Yvonne Johnson မှ ပြောကြားခဲ့သည်။

"ဒီလို ခိုင်မာပြီး ထိရောက်မှုရှိတဲ့ မိသားစု-စာသင်ကျောင်း လက်တွဲလုပ်ဆောင်မှုများကို တည်ဆောက်ဖို့ နှစ်မြှုပ်အားထုတ်ဆောင်ရွက်ခဲ့ကြတဲ့ 2023-2025 အကောင်းဆုံး စာသင်ကျောင်းအဖြစ် သတ်မှတ်ခံရသူများ အားလုံးကို ကျွန်ုပ်တို့ ဝမ်းမြောက်ဝမ်းသာစွာနဲ့ ဂုဏ်ပြုလိုက်ပါတယ်၊ ဒီလိုလက်တွဲလုပ်ဆောင်မှုဟာဆိုရင် ကျောင်းသားများ၊ မိသားစုများနဲ့ ၎င်းတို့ရဲ့ စာသင်ကျောင်းများ အစရှိတဲ့ အားလုံးအတွက် အပြုသဘောဆောင်သော သက်ရောက်မှုများကို ပြုလုပ်ပေးမှာ၊ ဆက်လက်ပြုလုပ်ပေးနေမှာ ဖြစ်ပါတယ်။"

Lakeside အထက်တန်းကျောင်း၏ ရှေ့ ရုံးခန်း စီမံအုပ်ချုပ်သူတစ်ဖြစ်လဲ ကျောင်း၏ PTSA အဖွဲ့ဝင်တစ်ဦးလည်းဖြစ်သူ Melanie Stockwell မှမူ သူမအနေနှင့် Lakeside မှ ဤသို့ နိုင်ငံလုံးဆိုင်ရာ အကောင်းဆုံးသော စာသင်ကျောင်းအဖြစ် သတ်မှတ်ခံရသည့်အပေါ် အထူးတလည် မအံ့သြမိကြောင်း ပြောကြားခဲ့သည်။

"နှစ်ပေါင်းများစွာတိုင်အောင် Lakeside ရဲ့ PTSA ဟာဆိုရင် ကျွန်ုပ်တို့ ကျောင်းသားတွေနဲ့ ဆရာ၊ဆရာမတွေကို ပံ့ပိုးထောက်ပံ့ပေးတဲ့ စုံလင်တောက်ပသော လူမှုအဖွဲ့ဝင် အသိုင်းအဝိုင်းတစ်ခုကို ဖန်တီးထားပေးခဲ့တာ ဖြစ်ပါတယ်၊" ဟု Ms. Stockwell မှ ဆိုသည်။ "မိဘအဖွဲ့ဝင်တစ်ဦးလည်းဖြစ်၊ ဝန်ထမ်းအဖွဲ့ဝင်တစ်ဦးလည်းဖြစ်တဲ့ ကျွန်မအနေနဲ့ အရိုးသားဆုံး ပြောပြနိုင်တာကတော့ Lakeside ရဲ့ PTSA ဟာဆိုရင် Lakeside ဆက်လက် အောင်မြင်နေရခြင်းရဲ့ အဓိက အကြောင်းအရင်းတွေထဲက တစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ PTSA ဟာဆိုရင် ကျွန်မတို့ရဲ့ ကျောင်းသားတွေနဲ့ ဝန်ထမ်းတွေကို မိသားစု တစ်စုအဖြစ် အမှန်တကယ် ကူညီ စုစည်းပေါင်းစပ်ပေးပါတယ်။"

XXX